နောက်ဆက်တွဲ (ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
အမိန့်ကြော်ငြာစာအမှတ် ၅၀၅ /၂၀၂၀
၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၀ ခုနှစ်၊ စက်တင်ဘာ လ ၁၆ ရက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ**
**ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီ**

အကြောင်းအရာ။ **မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ပြန်လည်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၇-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၅၉/၂၀၂၀ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ဦးဆောင်ကော်မတီ၏ လုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဇ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဈ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ည) အထွေထွေမန်နေဂျာ(စီမံကိန်းနှင့်စာရင်းအင်း) — အဖွဲ့ဝင်
မြန်မာ့သစ်လုပ်ငန်း
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
(နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဘတ်ဂျက်ဌာနခွဲ)
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ငွေတိုက်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူး(စီမံကိန်း) — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ထ) ညှိနှိုင်းရေးတာဝန်ခံ — အဖွဲ့ဝင်

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
(ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် EITI ဌာနခွဲ)
စီမံကိန်းနှင့်ဘဏ္ဍာရေးကြီးဌာန

၂။ မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် ပါဝင်သည့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးကိုအခြေခံသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူဖြစ်စေရန်နှင့် သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား အသင့်တော်

ဆိုးခွဲဝေအသုံးချနိုင်ရေးကို ရှေးရှုသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအား ဦးဆောင်ကော်မတီကို တာဝန်ခံလျက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ခ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်(၃)ရပ်တွင် ပါဝင်သည့် ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်စေရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ဂ) တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative-EITI) ကိစ္စအရပ်ရပ်ကို နိုင်ငံတော်နှင့်လက်တွဲ ဆောင်ရွက်သွားမည့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍနှင့်ဆက်စပ်သော အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ရန်၊

(ဃ) တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုအကောင်အထည်ဖော်ဆောင်ခြင်းကိစ္စရပ်များတွင် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးတာဝန်ခံ (National Coordinator) နှင့်အတူ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

(င) တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆက်စပ်သော အကျိုးအပြစ်များကို စဉ်ဆက်မပြတ်လေ့လာရန်၊ ယင်းအကျိုးဆက်များကို ထိရောက်စွာကိုင်တွယ်စီမံနိုင်မည့် ပြုပြင်ပြောင်းလဲရေး အစီအမံများဆိုင်ရာ မူဘောင်၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြုစုရေးကို တာဝန်ယူဆောင်ရွက်သွားရန်၊

(စ) EITI လုပ်ငန်းစဉ်များကို အစိုးရဌာနများအကြားနှင့် ပြည်သူလူထုအကြား သိမြင်နိုးကြားလာစေရေးအတွက် အခါအားလျော်စွာပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ရန်၊ အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် နည်းပညာပိုင်းဆိုင်ရာများ၊ အခြားနိုင်ငံများ၏ အတွေ့အကြုံများကို သင့်လျော်သလို လေ့လာသင်ယူစေရန်၊

(ဆ) လုပ်ငန်းလိုအပ်ချက်အရ လိုအပ်ပါက နိုင်ငံတကာပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးရန်၊

(ဇ) EITI လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များစုဆောင်းခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များရေးဆွဲခြင်း၊ အများပြည်သူသို့

ထုတ်ပြန်ကြေညာခြင်း စသည့်ကိစ္စရပ်များကို မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးတာဝန်ခံနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

(ဈ) EITI လုပ်ငန်းစဉ်၏ အရေးပါသော စုဖွဲ့မှုဖြစ်သည့် အစိုးရကိုယ်စားလှယ်များ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ (Multi-Stakeholder Group-MSG) တွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အစိုးရ ကိုယ်စားလှယ်များကို 2019 EITI Standard နှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရန်၊

(ည) EITI လုပ်ငန်းစဉ်အတွက် တာဝန်ခံဆောင်ရွက်မည့် သက်ဆိုင်ရာဌာနအဆင့် လုပ်ငန်းအဖွဲ့များ (Working Group) ကို ဤလုပ်ငန်းကော်မတီတွင် ပါဝင်သော အစိုးရအဖွဲ့အစည်းများ၌ စနစ်တကျဖွဲ့စည်းရန်၊

ဝင်းရှိန်
ဥက္ကဋ္ဌ

စာအမှတ်၊ စဘ/ဘဏ္ဍာ-၅/၂/၁(၁၈၄ /၂၀၂၁)
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်

**ဖြန့်ဝေခြင်း-**

ပြည်ထဲရေးဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

အမိန့်အရ

(ဝင်းထိုက်)
ညွှန်ကြားရေးမှူးချုပ်